# ညလေးနှယ်

## မခွဲရစ်ခဲ့ရင်ကောင်းမယ်



မိုးလင်းသွားတိုင်း မိုးချုပ်သွားတိုင်း မင်းကိုပဲ သတိရမိတယ်၊ ညဥ့်ယံနဲ့ နေ့လယ်ခင်း အိပ်မက်တွေထဲမှာ လည်း မင်းပဲ။

အို တို့ ဘဝမှာ မင်းကို တွေးတောမြင်ယောင် စိတ်ကူးယဥ်မျှော်လင့်နေခြင်းဟာပဲ ဘာနဲ့ မှ မလဲနိုင်တဲ့ ကြီးမားနက်ရှိုင်းနူးညံ့ဆုံးပျော်ရွှင်မှုကြီး တစ်ရပ်ပါကွယ်။

မင်းမျက်လုံး ရွှန်းရီရီလေးတွေနဲ့ ထပ်မံဆုံကြည့်ခွင့်ရဖို့ အချိန်တိုင်း တောင့်တနေမိတယ်။ တို့ ဘာလုပ်ရမလဲ။

သိပ်လှတဲ့ မျက်ဝန်းနက်ကလေးတွေရယ်။

တို့ အရမ်းစွဲမက်နေတယ်။

## အခန်း(၁)

"ဝတီငြိမ်ရေ... လာပြီဟေ့"

"ဟင်"

ရင်ထဲမှာ ဒုတ်ခနဲ မြည်သွားရ၏။ စိတ်လှုပ်ရှားလာပုံလေးနှင့် အပြေးအလွှားလေးပြောသည့် နိုးအိမ်ကို မော့ကြည့်ရင်း ဘာကြောင့် မှန်းမသိ ရင်ထဲတလှပ်လှပ်နှင့် ကတုန်ကယင်ကြီး ဖြစ်လာရသည် ။

တကယ်တမ်းဆို ငြိမ်နှင့် လည်း ပတ်သက်တာမဟုတ်ပါ။ သို့ပေမဲ့ နိုးအိမ် ပြောဖန်များ လွန်းတော့ ငြိမ့်အာရုံထဲမှာ သူ့အလိုလို ရောက်လာရတော့သည် ။

" လာလေ...ထွက်ကြည့်"

အသံမြည်သော ကော်ရုပ်လေးကို အကြောင်းမဲ့နှိပ်နေသော ဝတီငြိမ့် လက်တစ်ဖက်ကို မြတ်နိုးအိမ်က အားမလိုအားမရ ဆွဲခေါ်သည် ။

ငြိမ်ဆက်ထိုင်နေမိ၏။ နံဘေးမှာ အရုပ်တွေနှင့် ဆော့နေသော ဖိုးကေကပါ မျက်လုံးလေးပြူး၍ ငြိမ်တို့ နှစ်ယောက်ကို ကြည့်နေပြီ။

"လာပါ မြင်ဖူးထားရအောင်ပေါ့"

နိုးအိမ်က ထပ်မံလာခေါ်သည် ။ မြင်ဖူးထားချင်တာကတော့ တကယ်ပါ။ သို့ပေမဲ့ ကောင်းပါ့မလား။ ငြိမ် တရားပါ့မလား။ လူတစ်ယောက်အပေါ် တတ်နိုင်သမျှတော့ အရိုးသားဆုံးပဲ နေပေးချင်သည် ။ ငြိမ်သူ့နေရာမှာ တဒင်္ဂဝင်နေပေးလိုက်ကြည့်မိ၏။

မဖြစ်သေးပါဘူး။

ခေါင်းကို ယမ်းလိုက်မိသည် ။ သူမသိဘဲ ငြိမ်က သူ့ကို သိပ်သိမနေချင်။ မြင်ဖူးထားဖို့ လည်း မကောင်း။ တရားသဖြင့်ပဲ ကောင်းပါတယ်လေ ။ ဘယ်အရာကိုမဆို မျှမျှတတ သူ့ဘက်ကိုယ့်ဘက် ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ပေးတတ်မှ ။

"လာပါဆို၊ မကြည့်ချင်ဘူးလား"

နိုးအိမ်အသံလေးပင် စိတ်မရှည်ရိပ် ငြိစွန်း လာပြီကော။

ငြိမ် ချိုသာစွာ ပြုံးပြလိုက်မိ၏။ ပြီးတော့ ခေါင်းပါခါပြလိုက်သည် ။

"လာကြည့် ခဏလေးပဲ တစ်ချက်လေးပဲ ကြည့်လိုက်"

"ဟင့်အင်း"

"ကျွတ်..ဒါနဲ့ ပဲ အချိန်ကြာနေပြီ"

"နင်ပဲသွားလိုက်ပါ၊ နိုးအိမ်ရယ်နော် ငါမမြင်ဘူးထားချင်ဘူး၊ ကွယ်ရာကနေ သိပ်ပညာပြရာ ရောက်နေမယ်၊ သိသိကြီးနဲ့ ညာရတာ မကောင်းဘူး၊ မသိသူချင်းပဲ ကောင်းပါတယ်၊ မျှမျှတတပေါ့၊ နင့်လူကို လူသားဆန်စွာ ငါအခွင့်အရေးပေးထားတာပါ၊ ကျေနပ်လိုက်စမ်းပါ၊ သွား... သွား၊ တော်ကြာ မမြင်လိုက်ရဘဲ နေမယ်"

"အရမ်းလှတယ် သိလား၊ စတော်ဘယ်ရီရောင် တီရှပ်လေးနဲ့ "

"အေးပါ ငါဒီကနေ မြင်ကြည့်လိုက်ပါ့မယ်"

မြတ်နိုးအိမ် နှုတ်ခမ်းလေးတွေက ပြုံးမလိုရယ်မလို ရုက်သွားသလိုလေးနှင့် ကွေးညွတ်သွား၏။ မျက်လုံးလေးတွေလည်း အရောင်တောက်သွားသည် ။

"အန်တီနိုး... ဘယ်သူလဲ ဟင်"

ဖိုးကေက ရုတ်တရက် ဝင်မေးလိုက်တာမို့ မြတ်နိုးအိမ် နှာခေါင်းလေး ရှုံ့သွားရသည် ။ ဝတီငြိမ်ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ပြီးမှ ...

"ဘယ်သူမှ မဟုတ်ဘူး ၊ ကိုယ့်ဘာသာကစား"

ကလေးကို ခပ်တည်တည်ပြောပြီး လှစ်ခနဲ အိမ်ရှေ့ဘက် ပြေးထွက်သွားတော့၏။ ဖိုးကေနှင့် ဆက်ကစားနေရပေမယ့် ဝတီငြိမ့်ရင်တွေ မတည်ငြိမ်တော့။ နိုးအိမ်တော့ ရင်ခုန်စွာ ငေးမောနေမှာ ပါ။

ရင်ထဲမှာ နားလည်စာနာစိတ်နှင့် ကျေနပ်မိတာက တစ်ဖက်။ ပြီးတော့ သည် လူဟာ ဘယ်လိုများ လဲဟု တွေ့မြင်စူးစမ်းလိုက်ချင်စိတ်က တစ်ဖက်နှင့် တွေနေမိသည် ။

နိုးအိမ်ပြောသလို သူတအားကြီး ချောမောနေလား။ ပြီးတော့ ဘယ်အမူအရာမျိုးရှိမလဲ။ အသံကလေးကတော့ သိပ်နားထောင်ကောင်းတယ်။ ငြိမ် ကြားဖူးသမျှ ယောကျ်ားသံတွေထဲမှာ သူ့လောက် ချိုကြည်အေးဆေး ဆွဲဆောင်မှုရှိတာမျိုး မတွေ့သေးပါ။

တွေးရင်းက သူ့စကားသံတချို့ နားထဲမှာ ကြားယောင်လာသလိုပင်ရှိသည် ။ ပျော်ရွှင်ကြည်နူးဖို့ ကောင်းလောက်အောင် သူ့စကားပြော အလွန်ကောင်းမွန်တာ မဟုတ်လား။ အသံလေး နားထောင်ရတာတော့ သိပ်ရိုးသား ပြည့်ဝကြင်နာ ပုံရတယ်။

အပြင်ကလူကော။ မြင်ဖူးချင်လိုက်တာနော်။ နိုးအိမ်အတင်းခေါ်နေတာကို ငြင်းနေတာကလည်း တကယ်တော့ သူ့ကို ညှာတာတဲ့သဘောပါ။ မသိမမြင်ထားမှ ပဲ ငြိမ်စိတ်လုံမှာ မို့ပါ၊ ဒါကို နိုးအိမ်ဘယ်လိုများ တွေးယူလိုက်မလဲ။ သူ့ကိစ္စ စိတ်မဝင်စားဘူးလို့ များ ကောက်ချက်ချမှာ လား။ ငြိမ်သက်ပြင်းလေး ရှိုက်လိုက်မိသည် ။ ပြီးတော့ ဘယ်လိုမှ ဆက်ထိုင်မနေချင်တော့တာမို့ လက်ထဲက အရုပ်တွေကိုချလိုက်ပြီး ထရပ်လိုက်သည် ။

ခုနေ နိုးအိမ်မျက်နှာလေးကို မြင်ချင်လိုက်တာ။ နိုးအိမ်မြတ်နိုးသောသူ့ကိုလည်း ကြည့်လိုက်ချင်စိတ်က ရင်ထဲပြည့်လာသည် ။

တရားမျှတမှုရှိဖို့ ဆန္ဒတွေမှန်သမျှ ချုပ်ထိန်းရတာ ငါဘယ်လောက်ပင်ပန်းတယ် မှတ်သလဲ။

နင်မသိပါဘူး နိုးအိမ်ရာ။

စိတ်ကို ဘယ်လောက်ပဲ နှိမ်ချိုးထားသည် ဆိုဆို လှုပ်ရှားလွန်းစိတ်က ငြိမ်သက်မသွားတာမို့ အခန်းနံရံအလယ်က ရုပ်တာမှန်ချပ်လေးတွေမှ တစ်ဆင့် နိုးအိမ်ရှိရာ ဧည့်ခန်းဘက်ဆီ ချောင်းကြည့်မိသည် ။

ဟောတော်...

ရယ်ချင်စိတ်ကို နှုတ်ခမ်းကိုက် ထိန်းလိုက်ရ၏။ နိုးအိမ်ပုံစံလေးကိုကြည့်ပါဦး၊ ကုလားထိုင်ပေါ်မှာ ဒူးထောက်ပြီးတော့ လိုက်ကာအဝါလေးကို အသာလေးဖယ်၊ ပြတင်းပေါက် သံတိုင်လေးကြားထဲ နှဖူးလေးကပ်ပြီး မသက်မသာ ခိုးကြည့်နေလိုက်တာများ ။

ရယ်ချင်လျက်ကပဲ နိုးအိမ်ကျောပြင်လေးဆီကြည့်ရင်း ကရုဏာသက်ရသည် ။

နိုးအိမ်သည် လို အရူးအမူး ချစ်နေတာလေးကို ခံစားပိုင်ဆိုင်ခွင့်ရတာ သိပ်ကံကောင်းသော လူတစ်ယောက်ပဲ ဖြစ်မှာ ပါလေ။

ရုတ်တရက် ထိုလူကို နိုးအိမ်နောက်ပေါက်မှ သွားကြည့်ချင်မိသည် ။ အသိစိတ်၏ ဟန့်တားမှုကြောင့် ခြေလှမ်းတွေမရွေ့ဖြစ်တာ တော်ပါသေး၏။

"အန်တီငြိမ်"

"အမေ့ ဟဲ့ ဘာလဲ ဖိုးကေ"

"အန်တီငြိမ် ဘာလုပ်နေတာလဲ"

မပီကလာအသံလေးနှင့် စပ်စုနေသေးတာမို့ ခေါင်းလေးကို အုပ်ကိုင်လိုက်ရင်း...

"ဘာမှ မလုပ်ပါဘူး၊ သား ဘာလုပ်မလို့ လဲ"

"ဆာပြီလေ အန်တီရဲ့ ၊ သားတို့ ထမင်းစားကြမယ်လေ"

"အေး...အေး"

ဖိုးကေကို နှစ်သိမ့်ရင်းက နိုးအိမ်ကို ကြည့်ရပြန်လေသည် ။ မြတ်နိုးအိမ်ကတော့ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်နေဆဲ။

"သား အန်တီနိုးကို သွားခေါ်လိုက်မယ်"

"ဟဲ့ နေဦးလေ"

လှမ်းဆွဲပေမယ့် မမိလိုက်တော့ တောက်တောက် တောက်တောက်နှင့် ပြေးတာလေးက အရမ်းမြန်သည် ။ ချက်ချင်းပင် ဧည့်ခန်းကို ရောက်သွားလေ၏။

မတတ်သာတော့တာမို့ ဝတီငြိမ်ပါ ဧည့်ခန်းကို ထွက်လာခဲ့ရတော့သည် ။

ပြေးလွှားထွက်လာသော ခြေသံတွေကြောင့် ထင်သည် ။ နိုးအိမ်က ဆတ်ခနဲ လှည့်ကြည့်ကာ ကုလားထိုင်ပေါ်က အမြန်ဆင်း၏။ မျက်နှာလေးက ပြုံးစိစိနှင့် ။

"ဒီကောင်လေး ရှုပ်နေတာ၊ ကြည့်လေ ဘာဖြစ်လို့ လဲ"

ဖိုးကေလက်ကို ဆွဲထားကာ ငြိမ့်ဘက်ဆွဲယူရင်း နိုးအိမ်ကိုပြောမိသည် ။

"မရှိတော့ဘူး"

"ဟင်...ဘယ်ရောက်သွားလို့ လဲ"

"ပြန်ပြီ"

"တကယ်"

"အေးပေါ့၊ ဟိုတစ်ယောက်ကိုခေါ်ပြီး ချက်ချင်းပြန်ဆင်းတာ"

"ဟုတ်လား"

"လာ...မယုံရင်လာကြည့်"

"ဟာ...မကြည့်ချင်ပါဘူး"

မြတ်နိုးအိမ်က ဝတီငြိမ့်စကားကို အမှုမထားတော့ဘဲ အတင်းခေါ်ဆောင်ကာ ပြတင်းပေါက်မှ ကြည့်စေသည် ။

လိုက်ကာအဝါလေးကို လက်နှင့် ဆုပ်ကိုင်ဖယ်ရှားပြီး နိုးအိမ်နှင့်ခေါင်းချင်းဆိုင်ကြည့်မိတော့ လူသူကင်းရှင်းနေသော ဧည့်ခန်းလေးတစ်ခုကို အပေါ်စီးမှ ထင်ထင်ရှားရှားတွေ့ရသည် ။

ဒုတိယထပ်ချင်း အတူတူပေမယ့် သူတို့ အထပ်က ပိုနိမ့်တာမို့ သည်ကကြည့်လျှင် လမ်းကလေးသာခြားသော မျက်နှာချင်းဆိုင် တိုက်ခန်းလေးကို ကောင်းကောင်း ကြီး မြင်တွေ့နိုင်ပါသည် ။ အဝေးကြည့်မှန်ပြောင်းမလို။ လူလုံးမကွဲမှာ မပူရ။ သေချာစွာ စပ်စုလေ့လာခွင့် ရနေသည် ။

ငြိမ်တို့ မြင်ကွင်းထဲမှာ သက်မဲ့ပစ္စည်းတွေကတော့ သိပ်မရှိပါ။ ဆင်စွယ်ရောင် ဆိုဖာဆက်တီတစ်စုံ။ စားပွဲပေါ်မှာ တိုင်းမဂ္ဂဇင်း တစ်အုပ်။ စီးကရက်ဘူး။ ပြာခံခွက် အနီရဲလေးတစ်ခု၊ ပြီးတော့ မလှမ်းမကမ်းဖော်မိုက်ကာအုပ် စားပွဲပေါ်မှာ ဘာတွေမှန်းမသိသော စားသောက်စရာတွေကို ပလတ်စတစ်ဆန်ခါ အဖြူလေးနှင့် အုပ်ထားသည် ။

အဲ့သည့် နောက်က ရှိုးကေ့ပေါ်မှာ စာအုပ်တွေတစ်ထပ်ကြီးတင်ထားသည် ။ ကက်ဆက်နှင့် ကက်ဆက်ခွေမြောက်မြားစွာက ရှိုးကေ့စ်ထဲမှာ အကျယ်ပြန့်ဆုံး နေရာယူထားတာနှင့် ဂီတာ နှစ်လုံးကို ဟိုဘက်သည်

ဘက်ရုံပြီး ချိတ်ထားတာကို ကြည့်ခြင်းဖြင့် ဂီတာဝါသနာရှင်ဟု မပြောဘဲ သိနိုင်နေသည် ။

သည် အိမ်နဲ့ ဘယ်လိုပတ်သက်မှုရှိလို့ မြတ်နိုးအိမ်ရဲ့ လူက ခဏခဏလာရတာပါလိမ့်။

ဧည့်ဆောင်ဘက်ဆီကို ဆက်ပြီး ခြေလှမ်းလိုက်သည် ။

ငြိမ်တို့ ကြည့်နေတုန်းမှာ ပင် အသက်လေးဆယ်ကျော်လောက်ရှိမည့် အမျိုးသမီးတစ်ဦး ဧည့်ခန်းဆီထွက်လာတာမို့ မတိုင်ပင်ဘဲ နှစ်ဦးသားခေါင်းလေးတွေ ရုပ်လိုက်မိ၏။ ပြီးတော့ မျက်နှာချင်းဆိုင်ကြည့်မိရင်း ရယ်ဖြစ်သွားသည် ။

အသားဖြူဖြူ ကောင်လေးတစ်ယောက်ရယ်။ သူနှင့် မျက်နှာချင်းဆင်သော အမေဖြစ်ဟန်တူသည့် ဖြူဖြူဝဝအမျိုးသမီးကြီး တစ်ယောက်ရယ်ကိုတော့ ငြိမ်တို့ မျက်မှန်းတန်းနေမိပါပြီ။

လာတိုင်းလာတိုင်း ထိုသားအမိနှစ်ယောက်ကိုပဲ တိုက်ခန်းလေးထဲ နေ့စဉ် မြင်တွေ့ရတာ မဟုတ်လား။ အဒေါ်ကြီးက ချက်ပြုတ်ရှင်းလင်း ကောင်လေးက စာဖတ်လိုက်၊ ဂီတာတီးလိုက်၊ သီချင်းနားထောင်လိုက်နှင့် ကြည့်ရတာ ပျင်းရိဖွယ်မြင်ကွင်းရိုးရိုးကြီး တစ်ရပ်ပါပဲ။ ထူးဆန်းတာက နိုးအိမ်စွဲလမ်းတမ်းတ မြတ်နိုးနေသော လူတစ်ယောက်သည် ထိုတိုက်ခန်းလေးကို မကြာခဏ ရောက်လာတတ်ခြင်းပါပဲ။ သို့ပေမဲ့ ငြိမ်နှင့်တော့ တစ်ခါမှ မဆုံဖူး။ နိုးအိမ်ခေါ်ပြလျှင်လည်း မကြည့်ဘူးဟု ဆုံးဖြတ်ထားသူမို့ ထိုလူကိုတွေ့ဆုံဖို့ ရာ မလွယ်ကူပါ။ ပြီးတော့ ငြိမ်တို့ ကိုယ်တိုင်ကလည်း သည် အိမ်ကို လာခဲတတ်တာ မဟုတ်လား။

"ဟိုချာတိတ်လေးကို လာခေါ်တာဟ ချက်ချင်း ပြန်ဆင်းသွားကြတယ်'

နိုးအိမ်က ကြည့်မဝလိုက်ပုံလေးနှင့် အားမလိုအားမရ ဆိုသည် ။

"ဘာတော်လဲ မသိဘူး"

"အေးနော်၊ သူငယ်ချင်းလဲဖြစ်နိုင်တာပဲ"

"နင်ကဲ ညှံ့ပ့ါ၊ ဘာမှ သေချာမသိဘူး"

"သေချာသိချင်င် နင်မေးပေ့ါ ဝတီငြိမ်ရ"

"နိုးအိမ်နော်"

ဝတီငြိမ်က ခပ်တည်တည်လေး မျက်စောင်းရွယ်လိုက်၏။ နိုးအိမ်က ဝတီငြိမ့်မေးလေးကို ဆွဲညှစ်ပြီး ခေါင်းမော့ကာ တခစ်ခစ်ရယ်သည် ။

"ငါ မသိတာထားဦး၊ မမဦးကလည်း ဘာမှ မသိဘူးဟ၊ အိမ်ရှေ့တိုက်ခန်းမှာ မိသားစု ဘယ်နှယောက်လဲလို့ မသိမသာစပ်စုလိုက်တာ၊ သူလဲမသိဘူးတဲ့ ကွာ ကောင်းရော"

ရယ်သံနှင့် ပြောရင်း ဆက်ရယ်နေ၏။

"အို…ဒါကတော့ မိုးလင်းကမိုးချုပ်ရုံးသွား ပြန်လာတော့လည်း ကိုယ့်မိသားစုနဲ့ အလုပ်ရှုပ်၊ စီစဉ်ရ၊ ပြေးလွှာရနဲ့ သူများ အကြောင်း ဘယ်ပြောချိန်ရပ့ါမလဲ"

မြတ်နိုးအိမ်၏ အစ်မဝမ်းကွဲ မမဦးနှင့် သူ့အမျိုးသားတို့ မှာ အစိုးရဝန်ထမ်းများ ဖြစ်ပြီး သားကလေး ဖိုးကေကိုပင် နာနီနှင့် ထားရသူတွေ မဟုတ်လား။ ချက်ရေး၊ ပြုတ်ရေးလည်း ပြန်လှည့်မကြည့်နိုင်။ ဖိုးကေ၏ အထိန်းတော်ကြီးကပဲ စီမံရသည် ။

"အန်တီနိုး အန်တီငြိမ် ထမင်းစားမယ်ဆိုမှ ဗျာ"

ဟုတ်သားပဲ ဖိုးကေပင် မျက်နှာညိုချင်နေပြီ။ ဖိုးကေကိုထားပြီး စ

ကားကောင်းနေဖြစ်သည် ။

"နင်ကလဲ အစောကြီး ဆာတာပဲ"

"အန့်တီနိုးမဆာရင်နေလေ၊ အန့်တီငြိမ် သားနဲ့ အတူစားမှာ မဟုတ်လား၊ နော်… လာလေ"

ဖိုးကေက နိုးအိမ်ကိုထားကာ ဝတီငြိမ့်လက်ကိုပဲ ဆွဲပြေးလေ၏။

"ခွေးကောင်လေး၊ ငါ့သူငယ်ချင်းကိုပဲ ချွဲကောင်းတိုင်းချွဲနေတယ်၊ ဟင်း…"

မြတ်နိုးအိမ်က စူပွစူပွပြောရင်း ထမင်းစားခန်းသို့ လိုက်ဝင်လာ၏။ ချိုသာစွာပြောဆိုတတ်ပြီး ကလေးငယ်တွေကို ကြင်နာလိုက်လျောတတ်သည့် ဝတီငြိမ့်ကို ဖိုးကေကသူ့အဒေါ် မြတ်နိုးအိမ်ထက်ပင် ပိုခင်တွယ်နေတတ်သည် ။ ကစားဖော်မဲ့နေသော ဖိုးကေက ဝတီငြိမ်တို့ လာလည်သည့် နေ့ဆိုလျှင် ဝတီငြိမ်ကို သူကလေးအဖော်အဖြစ် တစ်နေ့တာ အပိုင်စီးပစ်တတ်သည် လေ။ တစ်နေကုန် ဘယ်မှ မသွားရ။ ဘာမှ မလုပ်ရ။ သူနှင့် သာ ကစားစေသည် ။

အန့်တီငြိမ်…အန့်တီငြိမ်နှင့် အပျောက်မခံတော့။

ဝတီငြိမ်ကိုယ်တိုင်ကလည်း ဘာမှ မတော်စပ်သော ဖိုးကေလေးနှင့် ပျော်ရွှင်စွာ လုံးထွေး နေတတ်တော့၏။ မမဦးကပင် ကျောင်းပိတ်ရက်တွေအားရင် ငါ့သားဆီ လာလည်ကြစမ်းပါ မလာရင် သည် ကောင်က တမေးမေးနဲ့ ဟု ဖုန်းဆက်ခေါ်ယူရသည် အထိပါ။ လာလည်ရင်းနှင့် တွေ့မြင်မြတ်နိုးသွားရတာပါဟု ဆိုပေမယ့် ခုနေခါမှာ တော့ တွေ့မြင်လိုသော မျှော်လင့်ချက်တစ်ခုဖြင့် လာနေမိကြောင်း နိုးအိမ်မငြင်းပါ။

ငြိမ်ကတော့ ဘေးကနေ နိုးအိမ်ဆန္ဒကို ဖြည့်စွမ်းကူညီနေသည် ။

သာမန်လေးမဟုတ်။ အရမ်းကို ခင်မင်စိတ်နှင့် တလှိုက်တလှဲပါရမီ ဖြည့်နေမိတာပါ။ သုံးကောင်းလား မသုံးကောင်းလားတော့ မသိ။ နိုးအိမ်ကတော့ ဆိုသည် ။ ငါ့ရဲ့ ပါရမီဖြည့်ဖက်က နင်ပဲတဲ့ ။

ငြိမ်ကလည်း သူ့စကားကို အရမ်းပင်ပီတိဖြစ်မိသည် ။ မြတ်နိုးအိမ်ဆိုတာ ငြိမ်သံယောဇဉ်ကြီးမားရသည့် အချစ်ဆုံးသူငယ်ချင်းမဟုတ်လား။ နိုးအိမ် ပျော်ရွှင်လျှင် ရောပျော်ရတတ်သလို နိုးအိမ် စိတ်ညစ်လျှင် ဝင်ညစ်၏။ နိုးအိမ်ကောင်လေးတစ်ယောက်ကို သိပ်ချစ်နေပါသည် ဆိုတော့လည်း ။

***

# အခန်း(၂)

နောက်ဆုံးတန်းမှာ မို့ ရှေ့ကဆရာမ ရေးပြနေတာတွေကို ကျောဆန့်ခေါင်းမော့ကိုယ်ကြွပြီး မနည်းလိုက်ကြည့်နေရသည် ။ သင်ပုန်းအောက်နား ရောက်နေပြီမို့ ကြည့်ရတာ စိတ်ပင် မရှည်ချင်တော့။ ပြီးတော့ ဆရာမက တအားမြန်သည် ။

စောစောကတော့ ကောင်လေးတွေပြောလိုက်တာ ကြားသား။

ဘာတဲ့ ။ ပဲပင်ပေါက်ဂျက်ဆိုလား။ ရုတ်တရက် ဝတီငြိမ် နားမလည် ။ ရှေ့ကဆရာမကို အမည်တပ်ပေးတာပဲ ဆိုတာလောက်ပဲ ရိပ်မိလိုက်၏ ။ မိုးလေဝသတွက်ချက်မှု၊ ကိန်းဂဏန်းမြေပုံတစ်ခုကို လက်တွေ့စတင် သင်ကြား ဆွဲခိုင်းတော့မှ ပဲပင်ပေါက်ဂျက်ဆိုသော စကားကို ကောင်းကောင်း ကြီး သဘောပေါက်သွားရတော့သည် ။

ဆရာမက ပိန်ပိန်ပါးပါး၊ အသားညိုညိုလေး။ အသံက စူးပြီးပြာသည် ။ သင်ပုန်းပေါ်က လက်ရေးတွေက ပဲပင်ပေါက်ကလေးတွေလို မညီမညာစီချထားသည့် အတိုင်း။ မျက်မှောင်ကုတ်ပြီး ဖတ်နေရ၏။ ပြီးတော့ တစ်ချက်ခေါင်းငုံ့ရေးပြီးလို့ ပြန်မော့လိုက်တိုင်း သင်ပုန်းပေါ်က စာတွေက ပျောက်ပျောက်သွားတတ်၏။ ပါးစပ်ကလည်း ရှင်း၊ လက်ကလည်း တအားရေး ရေးပြီးလို့ နေရာမရှိတော့တာနှင့် သွက်သွက်လက်လက်ဖျက်ပစ်နေတော့ အမိ လိုက်ဖို့ ရာ မလွယ်ကူပါ။

"တီချယ်ဂျက်ကတော့ လုပ်ပြီကွာ" ဆိုပြီး တိုးတိုး ညည်းကာ ကောင်လေးတချို့ဆို စိတ်ပျက်ပျက် ဖြစ်နေကြပြီ။

ဝတီငြိမ်ကိုယ်တိုင်လည်း နဖူးစပ်နှင့် နှုတ်ခမ်းတစ်ဝိုက်မှာ ချွေးပင်စို့လာပြီ။

အချိန်ကလည်း သိပ်ရတာမဟုတ်။ သတ်မှတ်ချက်နှင့် ကိုက်ပြီး ကွက်တိပြီးအောင်လုပ်ရမည့် ပရတီကယ်အချိန်၊ ဆိုးတာက အနားမှာ တိုင်ပင်တွက်ချက်ရအောင် အဖော်တစ်ဦးတလေမှ ပင် မရှိချေ။ သုံးယောက်ထိုင်ခုံမှာ ငြိမ်တစ်ယောက်တည်း ငေါင်ငေါင်လေး ထိုင်နေရသည့် အဖြစ်။

သူငယ်ချင်းတွေကို လှစ်ခနဲ တမ်းတလိုက်မိသည် ။ ဒုတိယနှစ်ရောက်မှ ခုံနံပါတ်က ဘယ်လိုကဘယ်လို ရှေ့ရောက်ပြီး ဆက်ရှင်ဝမ်းကို ရောက်သွားရသည် မသိ။ သူငယ်ချင်းတွေနှင့် အခန်းကွဲသွားတော့၏။ ပရက်တီကယ်အချိန်တွေလည်း တခြားစီဖြစ်သွားတာမို့ ဘာရယ်မဟုတ်ပေမယ့် အားတောင်ငယ်လာသည် ။

ပထမဆုံး လက်တွေ့လုပ်ချိန်မှာ ပိုတောင် ဝမ်းနည်းချင်မိသည် ။ သည် အတန်းမှာ သူငယ်ချင်းရယ်လို့ သတ်သတ်မှတ်မှတ်ရှိတာမှ မဟုတ်ပဲ ။

ရှေ့ကရေးတာတွေလည်း လိုက်မမီ။ ရှင်းတာတွေလည်း နားထဲမဝင်မှ တော့ သည် ချပ်တစ်ခုကို ဘယ်လိုရေးဆွဲရပ့ါမလဲ။ ပြတင်းပေါက်တွေဘက် စိတ်ပျက်စွာ ငေးကြည့်မိရင်း ရင်ထဲတင်းကျပ်လာရ၏။

"ကဲ ရကြပြီနော်" ဆိုသည့် ဆရာမအသံကြားမှ ယောင်တိယောင်ကန်းနှင့် ဖွင့်ထားသော စာအုပ်ဆီ ပြန်ငုံ့ကြည့်ဖြစ်သည် ။

ပထမနှစ်တစ်နှစ်လုံး သူငယ်ချင်းတွေနှင့် တိုင်တိုင်ပင်ပင် တိုးတိုးဖွေ့ဖွေ့ လုပ်နေကြမို့ ခုလိုတစ်ယောက်တည်း ဖြစ်နေချန်မှာ ရင်ထဲလစ်ဟာနေမိတာကို စာမဖွဲ့နိုင်။ ဝတီငြိမ်ဘယ်ညာမှ ခုံနံပါတ်လေးတွေကို ကြည့်ရင်းအကြောင်းမဲ့ စိတ်တိုမိကာ လက်ထဲက ဘောပင်ကိုပင် လွှတ်ပစ်ချင်လာရသည် ။

"စတာကြာပြီလား ဟင်"

နှုတ်ခမ်းကိုက်ကာ စာအုပ်ထူကြီးကို သဲမဲကြည့်နေရာမှ အသံတိုးတိုးကြောင့် မော့ကြည့်လိုက်မိတော့ သိုးမွေးလွယ်အိတ်ကလေးကိုပိုက်ကာ ကသောကမျောလေး လာဝင်ထိုင်သော ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရတာမို့ အားတက်သွားရရင်း....

"သိပ်မကြာသေးပါဘူး"

"မမီတော့ဘူးမှတ်တာ၊ တော်ပါသေးရဲ့ "

ပြောပြောဆိုဆို စာအုပ်ကို ကမန်းကတန်းထုတ်ကာ ဝတီငြိမ့်ကိုမေးလိုက် စာအုပ်ထဲကူးလိုက်နှင့် သူ့ဘာသာ အလုပ်ရှုပ်နေတော့၏။

ဆံပင်က ယောက်ျားလေးတွေလို ဗိုလ်ကေလေးနှင့် ရှပ်အင်္ကျီအကွက်စိပ်လေးကို ထဘီနက်ပြာလေးနှင့် တွဲဝတ်ထားပုံက ရှင်းလင်းနေ၏။ မျက်တောင်ကော့ကော့၊ ပါးဖောင်းဖောင်း၊ မေးချွန်ချွန်လေးနှင့် မျက်နှာက ချစ်စဖွယ်လေး ဖြစ်တာမို့ ဝတီငြိမ်ငေးနေမိ၏။ နာရီအနက်ကလေးကို လက်ကောက်ဝတ်မှာ မပတ်ဘဲ လက်ဝါးပြင်အောက်ဘက်မှာ ပြောင်းပြန်လေး ပတ်ထားပုံက တစ်မျိုးထူးဆန်းသည် ။ ညာလက်မှာ စတီးဟန်းချိန်းနှင့် ငွေလက်စွပ်အသည်းပုံလေး ဝတ်ထားသည် မှ လွဲ၍ ဘာပြင်ဆင်မှုမှ မရှိ။

လက်သည်းရှည်မထား။ မျက်နှာမှာ လည်း သနပ်ခါးလေးပင် မလိမ်းဘဲ ဖြောင်အတိုင်းထားသည် ။ ကြည့်ရတာ အေးအေးငြိမ်းငြိမ်းရှိလှတာမို့ ဝတီငြိမ့်ရင်ထဲမှာ ပါ အလိုလို အေးဆေးငြိမ်သက်လာရ၏။

"မသိတာတွေရှိရင် အရှေ့တန်းက မေးလိုက်နော်၊ ဆရာမက သိပ်မြန်တော့ ဝတီငြိမ်လည်း သိပ်မရဘူး"

ဝတီငြိမ်ပြောလိုက်တော့ သွားစွယ်ချွန်ချွန်လေးတွေပေါ်အောင်ပြုံးပြ၏။

ပြီးတော့ သူ့ရှေ့တန်းမှာ ထိုင်နေသည့် ကောင်မလေးကို လက်တို့မေးကာ ငြိမ့်စာအုပ်ထဲမှ ကွက်လပ်တွေကို အရင်ဆုံးဖြည့်ပေးပြီးမှ သူ့စာအုပ်ထဲပြန်ကူး၏။

"သူများ တွေပြီးလို့ ရောင်စုံတောင် ခြယ်နေကြပြီနော်"

"အင်း"

ငြိမ်က စိတ်မပါစွာ အင်းလိုက်တာမို့ သူ့ဘာသာခပ်မြန်မြန် ပုံဆွဲဖို့ ပြင်သည် ။ ပြီးတော့ စာရွက်အကြမ်းမှာ ရေးလိုက်ခြစ်လိုက်နှင့် တွက်နေ၏။

"Calculator မပါဘူးလားဟင်"

"ဟင့်အင်း"

"ဒီအတိုင်းတွက်နေရရင် သေရော၊ တစ်ယောက်ယောက်ဆီကငှားကြည့်မလား"

"သဘောပဲလေ"

ငြိမ်စိတ်ပျက်နေတာကို နည်းနည်းပါးပါး ရိပ်မိပုံနှင့် သူ့ဘာသာ calc

ulator ငှား ခပ်မြန်မြန်တွက်ပြီး ငြိမ့်ကိုပါကူးစေ၏။

ထိုနေ့က လက်တွေ့ချိန်သာ ပြီးဆုံးရော ငြိမ်ဘာမှ သိပ်အားမထုတ်လိုက်ရ။ နောက်မှ ရောက်လာသော သူမကပဲ အစစ အရာရာ ဦးဆောင်လုပ်သွားသည် ။

စိတ်ရှည်အေးဆေးပုံလေးရသော ကောင်မလေးကို ငြိမ့်ရင်ထဲမှာ ကျိတ်ပြီးခင်မင်သွားမိ၏။ နှုတ်ကတော့ ဘာမှ မပြောဖြစ်။ ဆရာမက တစ်ဦးချင်းလက်မှတ်လာထိုးခိုင်းတော့ သူက ဆိုင်းထိုးရမည့် နေရာမှာ "မြတ်နိုးအိမ်" ဟု ပဲ ရိုးရိုးလေးရေးချ၏။

ဝတီငြိမ်မျက်လုံးလေး စွေကြည့်ရင်း နာမည်လေးကိုပါ သဘောကျသွားမိသည် ။

"ဝတီငြိမ်က လူသစ်လားဟင်၊ အရင်က မတွေ့ဖူးဘူး"

မေးသံလေးကြောင့် ငြိမ့်မျက်ခုံးပင့်သက်သွားရ၏။ ဝတီငြိမ့်နာမည်ကို သူမက သိနေပါလား။

"နာမည် ဘယ်လိုသိလဲ"

"ဒီမှာ လေ"

"ပ ရ က ်တ ိက ယ ်စ ၁အ ု ပ ်မ ၂ ၁ ရေးထားတာလေးကို လက်ညှိုးထောက်ပြီးပြလိုက်တာမို့...

"ဟုတ်သားပဲ"

ရှက်တက်တက် ရေရွတ်မိရင်း ရယ်လိုက်မိသည် ။

"တို့ က section-2 က ဒီနှစ်မှ 1 ကိုရောက်လာတာ"

"သြော်"

"နေရတာ တစ်မျိုးကြီးပဲ၊ သိပ်စိတ်ပျက်တယ်"

"နောက်တော့ နေသားကျသွားမှာ ၊ အတန်းထဲမှာ ဘယ်နားထိုင်တာလဲ"

"မတက်ဖြစ်သေးဘူး"

"ဒီနေ့ကော"

"တက်မလားတော့ စိတ်ကူးထားတာပဲ၊ ဒါပေမဲ့ ငြိမ်မပျော်ဘူး၊ ကိုယ့်နဂိုအတန်းပဲ သွားပြန်ထိုင်ဖြစ်တယ်

"ဟင် စာချင်းတူလို့ လား၊ ကျူတိုရီရယ်ကျ ဘယ်လိုလုပ်မလဲ"

"အဲဒါကြောင့် စိတ်ညစ်တာနေတာပေ့ါ"

"တို့ တွေနဲ့ လာထိုင်ပါလား၊ ဝတီငြိမ်ကို တို့ ခင်သွားပြီ"

"တကယ်နော်"

ဝတီငြိမ့်ရင်ထဲမှာ အရမ်းပျော်သွားရကာ ခုလေးတင်မှ သိရသော မြတ်နိုးအိမ်ကို ငယ်ပေါင်းအရင်းကြီးလို စိတ်လွတ်လက်လွတ် လည်ပင်းကို တအားဖက်လိုက်မိသည် ။

ပြီးတော့မှ အရင်အတန်းမှာ ကျန်ခဲ့သော ချိုလေးတို့ မော်မော်တို့ ကိုပင် သည် လိုလှိုက်လှဲလှဲ ရင်းနှီးမှုမျိုး မပြုမိပါလားဆိုတာ ဖျတ်ခနဲ အတွေးရောက်လာသည် ။

ငြိမ်သိပ်ခင်သွားမိလို့ နေမှာ ။ ခင်တယ်ဆိုတာထက် ချစ်ကိုချစ်သွားတာပါ။ သေချာသည် ။

***

တစ်ရက်နှစ်ရက်ဖြင့် နေသားကျလာသောအခါ အားငယ် ဝမ်းနည်းမိဖူးတာကိုပင် ပြန်တွေးပြီး ရယ်ချင်လာသည် ။

ပထမနှစ် တစ်နှစ်လုံး အတူတူနေခဲ့ရသော ချိုလေးတို့ မော်မော်တို့ကိုပင် သိပ်သတိမရချင်တော့တာ ဝန်ခံရမည်။ သူတို့ ကသာ အားလပ်ချိန်ရလျှင် ဝတီငြိမ်အတန်းလာပေမယ့် ဝတီငြိမ်က သူတို့ ဆီသွားဖို့ မေ့လျော့နေမိသည် ။ သွားအတူလာအတူမို့ မြတ်နိုးအိမ်ကိုသာ နက်နက်ရှိုင်းရှိုင်း တစ်ခဏချင်း တွယ်တာသွားရတော့၏။ နိုးအိမ်က ငြိမ့်အပေါ်ဘယ်လိုနေမှန်း မသိသော်လည်း သူမနှစ်ကတည်းက ပေါင်းလာခဲ့တဲ့ သူငယ်ချင်းတချို့က ကွယ်ရာတစ်မျိုး ရှေ့တွင် တစ်မျိုး ခနဲ့ လာကြာတာ နိုးအိမ်ကို မြင်ပြင်းကပ်သလိုမျိုး ပြောကြာတာတွေ ငြိမ့်မျက်မြင်ပါပဲ။

"မဟုတ်ပါဘူးဟယ်၊ အကုန်လုံးကို တူတူခင်တာပါပဲ" ဟု မြတ်နိုးအိမ် ပြောတတ်ပေမယ့် သူတို့ တွေက မယုံကြည်။ ရက်အနည်းငယ်အတွင်းမှာ ပင် အများ တကာတွေ မျက်မုန်းကျိုးကြသည် အထိ ငြိမ်တို့ ခင်မင်မှုက ခရီးပေါက်သည် ။ ရေလေးထွက်သောက်သည် ကအစ တခြားလူတွေနှင့် မသွားဘဲ နှစ်ယောက်သား တပူးတွဲတွဲရှိလွန်းတာမို့ ပြောလည်း ပြောချင်တာပါ။ သို့ပေမဲ့ ငြိမ်တို့ က သိပ်အစေးကပ်နေတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့။ ဘယ်သူတွေ ဘာပြောပြော ခေါင်းချင်းဆိုင် တွတ်ထိုးနေရတာကို ပျော်သည် ။

ထူးဆန်းတာတစ်ခုက နိုးအိမ်နှင့် စကားပြောရတာ အရမ်းပြောလို့ကောင်းခြင်းပါပဲ။ အရင့်အရင်ကတည်းက ရင်းနှီးလာခဲ့ကြသူများ လို့ နွေးနွေးထွေးထွေး ရှိလွန်းလှ၏။ နိုးအိမ်ကလည်း ထိုသို့ပင် ဆိုသည် ။ သည် လောက်စိတ်တူကိုယ်တူ လူချင်းတွေ့ရတာ နှောက်ကျလိုက်တာဟု အားမလိုအားမရ မှတ်ချက်ချမိတာချင်းပါတူ၏။

မေဂျာတစ်ခုတည်းများ မနှစ်ကတည်းက သိကြရင် ပြီးရောဆိုတာမျိုးကို မကြာခဏ ပြောမိရယ်မိကြသည် ။ အစားအသောက်ကြိုက်တာချင်းလည်း တူ၊ ခံယူချက်ချင်းလည်း ညီနေတာမို့ နေ့တစ်နေ့တိုင်းသည် သံယောဇဉ်ပိုလို့ တိုးစရာချည်းပါပဲ။

သည် နေ့လည်း အီကိုဆောင်ရှေ့မှာ အချဉ်ထုပ်စားရင်း အတူတူကားစောင့်နေမိကြ၏။ အားကစားပြိုင်ပွဲတွေရှိတာမို့ ညနေပိုင်းအချိန်တွေ အလိုလို အတန်းပျက်ပြီးသား ဖြစ်သွားတော့ နိုးအိမ်က ဝတီငြိမ်တို့အိမ်ကို လိုက်မည်ဟု ဆိုသည် ။ ငြိမ်ပျော်သွားသည် ။ အမြဲတမ်း တစ်ယောက်တည်း ဖြစ်နေလို့ အဖော်လိုချင်နေတာ မဟုတ်လား။ အိမ်မှာ လူနည်းရသည့် အထဲ မာမီက နေ့စဉ်ဆိုင်ထွက်သည် ။ ဘိုးလေးကျတော့လည်း တရားစာအုပ် ဖတ်ချင်ဖတ်၊ စောင်းတီးချင်တီး၊ ခင်မင်ရင်းနှီးရာ တရားခမ္မ မိတ်ဆွေတွေနှင့် စကားစမြည်ပြောချင်ရာ ပြောဆိုတာလောက်နှင့် ပဲ နေတတ်သည် ။

ဒေါ်လုံးကတော့ ငြိမ့်ကိုချစ်သည် ။ သို့ပေမဲ့ သူ့မှာ လည်း သူ့အိမ်အလုပ်နှင့် ဆိုတော့ ငြိမ့်မှာ သီးသီးသန့်သန့်နေတတ်သော အလေးအကျင့်လေးပင် ရလာသလိုရှိချေခဲ့ပြီ။ သည် လိုအချိန်မှာ နိုးအိမ်လို သဘောကောင်း ပွင့်လင်းအေးဆေး စိတ်ရှည်တတ်သော သူငယ်ချင်း တစ်ယောက်ရလာတော့ ငြိမ် အလွန်တရာကျေနပ်မိတော့၏။

နိုးအိမ်လက်ကို မလွှတ်တမ်းဆွဲကာ အချစ်ကြီးချစ်မိသည် ။

ပြီးတော့ နိုးအိမ်ဆိုတာကလည်း သူ့လို အဖော်မဲ့ရှာသော တစ်ဦးတည်းသော မွေးဖွားခဲ့သူ။ ညီအစ်ကိုမောင်နှမအရင်းအချာ ဝေးလို့ ဝမ်းကွဲပင် တစ်ဦးမှ မရှိပါတဲ့ ။ ဘဝတူချင်းမို့ သည် လောက်နှောင်တွယ်သွားမိတာပဲ ဖြစ်မည်။

"နင်တို့ ဖယ်ရီကလည်း ကြာလိုက်တာဟာ"

မြတ်နိုးအိမ်က လမ်းဘက်ကို တစ်ချက်မျှော်ကြည့်လိုက်၏။

"လာတော့မှာ ပါ၊ သုံးနာရီခွဲဆို မိန်းထဲက လူတွေကြိုပြီးရင် ဒီကိုဝင်လာမှာ ပဲဟာ"

မြတ်နိုးအိမ်က သူ့လက်မှ နာရီကို မကြည့်ဘဲ ဝတီငြိမ့်လက်ထဲက နာရီကို ဆွဲယူကြည့်၏။ ညနေတိုင်း မြတ်နိုးအိမ်က ကားလာကြိုနေကျပါ။ ညနေ့မှ ငြိမ့်အိမ်လိုက်မည်စိတ်ကူးနှင့် ကားမလာမကြိုတော့ဖို့ ခုလေးတင်ပဲ အဆောင်ကင်တင်းနားက အိမ်လေးမှာ ဖုန်းသွားဆက်ခဲ့ကြသည် ။

"နင်ပြန်ရင် မိုးချုပ်မလား မသိဘူး"

"ဘာဖြစ်လဲ လာကြိုမှာ ပဲဥစ္စာ"

"နင်တို့ ဒရိုင်ဘာ ကြီးက ငါတို့ အိမ်ကို ရှာတတ်ပ့ါမလား"

"ရန်ကင်းလေးများ ဟယ် ဘာဘထူးက ရန်ကုန်တစ်မြို့လုံး အရမ်းကျွမ်းတာ၊ လိပ်စာသာပြော သူလျှောခနဲ ရောက်အောင် လာပြီသာမှတ်"

"အဲဒါဆို တော်သေးတာပေ့ါ"

မြတ်နိုးအိမ်က ဖုန်းဆက်ရင်းမှ ငြိမ့်တို့ အိမ်လိပ်စာပြောပြပြီး ရန်ကင်းကို လာကြိုဖို့ မှာ ထားသည် မဟုတ်လား။ သူကတော့ အေးအေးဆေးဆေးပါပဲ။ ငြိမ်ကသာ သူအိမ်ပြန် နောက်ကျမလား။ သူ့အိမ်က ဆူနေမလား ဘာညာတွေးပူနေမိတာ။

နိုးအိမ်နဲ့ သာခင်နေတာ။ သူ့အိမ်အကြောင်း ဂဃနဏသိသေးတာမှ

မဟုတ်ဘဲ။ သူတို့ အဖေရော အမေရော အရမ်းအလိုလိုက်ချစ်ကြသည် ဟု တော့ နိုးအိမ်ပြောထားဖူးသည် ။

"ငါမေ့နေတာ ကြည့်စမ်း၊ နင်ကားမမှာ ထားလဲရတာပဲ ငါတို့ အိမ်မှာ အိပ်၊ မနက်ကျ ကျောင်းတက်ရတာပဲဟာ"

"ပြောမထားရင် ဖေဖေစိတ်ပူနေမှာ စိုးလို့ ပါ၊ နောက်တစ်ခေါက်မှ ညအိပ်ပဲ့ါမယ်"

မြတ်နိုးအိမ်က ခပ်အေးအေးပင်ဆို၏။

"ဟိုမှာ ကားတစ်စီးတော့ ဝင် လာပြီ"

နိုးအိမ်ပြရာကို ငြိမ့်လှမ်းကြည့်လိုက်၏။

"ထလေ အဲဒါ ငါတို့ ဖယ်ရီပဲဟာ"

"ဟုတ်လား"

ငြိမ်တို့ ပလက်ဖောင်းပေါ် ပြင်ဆင်ရပ်စောင့်နေတုန်းမှာ ပဲ ကားက ငြိမ့်တို့ ရှေ့မှာ တုံ့ခနဲရပ်၏။ နေ့လယ်ခင်းမို့ လှိုင်ကပြန်သည့် သူ သိပ်မရှိ ။

"ငါကသူစိမ်းကြီး၊ လိုက်ရတာ ကောင်းပ့ါမလား မသိဘူး"

"ဘာဆိုင်လဲ ရပါတယ်"

ကားပေါ်တက်ခါနီးမှ ခပ်တိုးတိုးပြောလိုက်တာမို့ ငြိမ့် ကမန်းကတန်း ကန့်ကွက်လွတ်ရသည် ။ ဒရိုက်ဘာဦးလေးကြီးက ပထမနှစ်ကတည်းက ခင်ပြီးသားမို့ ငြိမ့်တို့ ကို ပြုံးပြသည် ။

လူစောင့်စရာ မလိုတော့တာမို့ ကားက ချက်ချင်းပင် ပြန်ပတ်ထွက်တော့၏။ လေတဟူးဟူးနှင့် ကားကအရမ်းပြေးနေတာမို့ စကားပြောလို့

ပင် မဆုံးနိုင်သေးခင် ရန်ကင်းသို့ ရောက်လာတော့၏။ တစ်ယောက်ပြီး တစ်ယောက် ဆင်းကုန်ကြတာမို့ ငြိမ့်တို့ တိုက်တန်းရှေ့သို့ ရောက်တော့ ကားပေါ်မှာ လေးငါးယောက်ပဲ ကျန်တော့သည် ။

ကားပေါ်က ဆင်းပြီးသည် နှင့် နိုးအိမ်လက်ကို ဆွဲကာအပေါ်တက်ခဲ့သည် ။ တံခါးဝရောက်တော့ သော့ပိတ်ထားတာမို့ ပိုက်ဆံအိတ်ထဲက သော့တွဲကိုယူကာ အရင်ဖွင့်ရသည် ။ ပြီးမှ အထဲဝင်ကြ၏။

"ဘိုးလေးလဲ ဘယ်သွားတယ်မသိဘူး"

နှုတ်ကပြောရင်း ငြိမ်လွယ်အိတ်နှင်အတူ နိုးအိတ်လွယ်အိတ်ကိုပါ ယူပြီး စားပွဲပေါ်ချ ဖြစ်၏။ အိမ်မှာ တော့ သော့က သုံးချောင်း။ တစ်ယောက်တစ်ချောင်းစီ ယူထားကြရ၏။ အထူးသဖြင့် ဒေါ်လုံးအိမ်ပြန်သော ခုလိုမျိုးမှာ ဆို အပြင်သွားချင်လူက တံခါးပိတ်သွားကြတာ မဟုတ်လား။

"နင်ပြောတဲ့ ဒေါ်လုံးဆိုတာကော"

နိုးအိမ်က ဟိုသည် ဝေ့ဝဲကြည့်ပြီး မေး၏။

"ရွာပြန်သွားတယ်"

"ဒါဆို သုံးယောက်တည်းပေ့ါ"

"အင်း... မာမီကလည်း နောက်ကျတယ်ဟ၊ ဘိုးလေးကလည်း သူ့ဘာသာ အေးအေးဆေးဆေး သွားချင်ရာ သွားနေတတ်တာ"

"မထူးပါဘူး နင်လည်း ငါ့လိုပါပဲလား"

မြတ်နိုးအိမ်က ခေါင်းညိတ်ရင်းမှ မှတ်ချက်ပြုသည် ။

"နင်ဘာစားမလဲ ထမင်းစားမလား"

"နင်စားတာ စားမှာ ပေါ့"

ငြိမ်ထပြီး အခန်းထဲဝင်ခဲ့တော့ နိုးအိမ်ပါ လိုက်ဝင်လာ၏။

"အဝတ်အစား လဲထားမလား"

"ကောင်းသားပဲ"

နိုးအိမ်က မငြင်း။ ငြိမ့်ဗီရိုထဲက အိမ်နေရင်း အဝတ်တစ်စုံကို ငြိမ့်လိုလည်း ခပ်မြန်မြန် ဝင်လဲလှယ်၏။

"မဆိုးပါဘူး ကောင်းသားပဲ"

"ဘာကိုပြောတာလဲ"

"နင်တို့ အိမ်ပေါ့ ငါကအောက်ဘက်ကကြည့်တော့ ကျဉ်းမယ်ထင်တာ"

"လူနည်းတော့ မဆိုးပါဘူး"

စကားပြောရင်း မီးဖိုဆောင်ထဲဝင်ခဲ့ကြသည် ။

"မနက်က ငါချက်ခဲ့ရတာတွေပဲ နွှေးလိုက်ဦးမယ်၊ ဟင်းကတော့ သိပ်မကောင်းဘူး"

နိုးအိမ်ကို ထမင်းစားပွဲမှာ ထိုင်နေစေကာ ငြိမ် ပြင်ဆင်နေတုန်းမှာ နိုးအိမ်က ထလျှောက်လာသည် ။ ငြိမ်နှင့် အတူ ခရမ်းချဉ်သီးသုပ်၊ ထမင်းနူး ဘာညာလုပ်စရာ ရှိတာတွေ သူပါဝင်လုပ်၏။

"နင်ကလဲ ဖိမ်ကျကျလေး ဧည့်သည် လုပ်နေစမ်းပါ"

"ပျင်းတယ် မနေတတ်ဘူး"

"လာ...ပြီးပြီ ထမင်းစားကြမယ်"

"ကျောင်းကပြန်လာတိုင်း စောစောပဲ စားလား၊ နင့်မှာမီကို မစောင့်ဘူးလား"

"ကြုံရာလူက စားချင်တဲ့ အချိန် စားလိုက်တာပဲ၊ ဘယ်သူ့ဘယ်သူကမှ မစောင့်ကြဘူး၊ မာမီဆို တစ်ခါတလေ ညကိုးနာရီဆယ်နာရီမှ စားတာ"

"ဟုတ်လား"

ထမင်းစားရင်းက နိုးအိမ်ကို ငြိမ့်အကြောင်းတွေ ပြောပြနေမိသည် ။ နိုးအိမ်က သူ့အိမ်သူ့ရာလိုပင် လွတ်လွတ်လပ်လပ်နေ၏။

ထမင်းစားပြီးတော့လည်း ငြိမ်နဲ့ အတူ ပန်းကန်တွေဝင်ဆေးနေပြသည် ။ ဘာမှ မရှိသော အလုပ်ကိုပင် နှစ်ယောက်သား လုလုပ်ကာကြရင်း ရယ်မောမိကြ၏။

"နင်နဲ့ ငါနဲ့ ၊ ညီအစ်မအရင်းဆို အရမ်းကောင်းမယ်နော်"

မြန်နိုးအိမ်က တွေးတွေးဆဆကလေးဆို၏။

နိုးအိမ်က ရယ်လိုက်ရင်း ငြိမ့်ဆံပင်တွေကို ဆွဲယူကိုင်ကြည့်လိုက်၏ ။

"ငါလဲ နင့်လို ဆံပင်ရှည်ထားရမယ်"

"ဒီ ဆံပင်လား ရှည်တာ"

"ငါနဲ့ စာရင်တော့ ကျောလယ်မှာ ဝဲနေတဲ့ ဆံပင်က အများကြီး ရှည်တာပေါ့ဟဲ့"

"နင့်မျက်နှာနဲ့ ဒီဆံပင်နဲ့ လိုက်ပါတယ်၊ ကလေးမျက်နှာနဲ့ တူတယ်"

"အင်း...ငါကလည်း အမြဲတမ်းတိုတို ညှပ်နေကျဆိုတော့ ရှည်လာရ

င် မနေတတ်ဘူး"

နှုတ်ကပြောရင်း ငြိမ့်ဆံပင်တွေကို ဆွဲယူပြီး ကျစ်ဆံမြီးကျစ်နေ၏။ ငြိမ့်လည်း ငြိမ်နေဖြစ်သည် ။

"လှတယ်၊ တွေ့လား မှန်ထဲသွားကြည့်"

ငြိမ့်ခါးကို တွန်းလွှတ်သဖြင့် မှန်ရှေ့သွားရပ်ရပြန်သည် ။

"လှလဲမလှဘူး"

"သူ့ရုပ်က အစကတည်းက မလှတာများ "

"နိုးအိမ်နော် သူကျတော့ ဘာရုပ်ကြီးလဲ၊ ကလေးမျက်နှာနဲ့ လူကြီးစတိုင်နဲ့ "

"မဟုတ်ဘဲနဲ့ "

နိုးအိမ်က တမင်နွဲ့နွဲ့လေး ပြောကာ အမူအရာလုပ်ပြတာမို့ လက်မောင်းကို ပြေးရိုက်ရင်း တအားရယ်လိုက်မိ၏။ စကားဆိုလိုက် ရယ်လိုက်မောလိုက်၊ သီချင်းနားထောင်လိုက်နှင့် ညနေမိုးချုပ်၍ နိုးအိမ်ကို လာကြိုသောအခါ နိုးအိမ်က မပြန်ချင်တော့သလို ငြိမ်ကလည်း ကားပေါ်လိုက်ပါသွားသော နိုးအိမ်ကို လက်ပြနှုတ်ဆက်ရင်း ရင်ထဲဟာပြီး ကျန်ရစ်ရသည် ။

နင်ပြန်သွားတဲ့ အခါကျတော့လည်း အတွေးယဉ်တွေကပဲ ငါ့အဖော်ပေါ့ဟာ။

ဝတီငြိမ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ ဘဝမှာ ငြိမ်ငြိမ်သက်သက်နေတတ်ဖို့ အများကြီး အသားကျပြီးခဲ့ပြီလေ။

***